သုတေသနသုံးစက်ပစ္စည်း လည်း အကျိုးရှိရှိ သားကောင်းရတနာများကို ပြုစု ပျိုးထောင်ပေးသည့် ဆရာ ဆရာမ ရှိကြောင်း သိရသည်။

သတင်းစဉ်

ကု(တက္ကသုလ)

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ငူမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းနေ အရွယ်ကလေးအားလုံး ကျောင်းတက်ရေးအတွက် ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းစည်းရုံး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ရှိပညာရေးဒီဂရီကောလိပ် ကျောင်းဟောင်းနေရာသို့ သွားရောက်ကာ ပညာရေးဒီဂရီကောလိပ်အဖြစ် ပြင်ဆင်တိုးချဲ့ဖွင့် လှစ်နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တောင်ငူပညာရေးဒီဂရီကောလိပ် စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြတ်ပညာခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး တိုင်းချစ် ပြည်ချစ်စိတ်ရှိရေး၊ စံနမူနာပြ စည်းကမ်းကောင်းမွန်ရေး၊ စဉ်းစားတွေးခေါ်မှုကို အားပေးသော သင်ကြားနည်းစနစ်များကို လေ့ကျင့်ပျိုးထောင်ရေး၊ နိုင်ငံတော်ကျေးဇူးကို သစ္စာစောင့်သိ၍ နိုင်ငံတော်ကို အလုပ်အကျွေးပြုစုနိုင်သည့် စာသင်ကောင်းသော ဆရာ ဆရာမကောင်းများဖြစ်လာစေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ စာသင်ယူနေမှုကိုကြည့်ရှုကာ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံပြီး သင်ကြားမှုအရည်အသွေး၊ ဘာသာရပ်အရည်အသွေး၊ သုတေသနအရည်အသွေး အစဉ်တိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

တောင်ငူမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် ကာလအတွင်း ယမန်နှစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၆၈၄၄ ဦး အပ်နှံခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၄၁၀၆၈ ဦး အပ်နှံခဲ့သဖြင့် ၄၂၂၄ ဦး ပိုမိုအပ်နှံလာခဲ့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ် ကာလအတွင်း ကျောင်းသား ကျောင်းသူ ၇၃၈၆၈၅ ဦး အပ်နှံခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၇၉၅၃၀၇ ဦး အပ်နှံခဲ့ပြီး ဖြစ်ရာ စုစုပေါင်း ၅၆၆၂၂ ဦး ပိုမိုကျောင်းအပ်နှံပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု

နေပြည်တော် ဇွန် ၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊